# မာဖော်ညိုကြစို့

ကိုလေး (အင်းဝဂုဏ်ရည်) က လူရွှင်ဗျ။ သူနဲ့တွေ့ရရင် ရွှင်ရတယ်။ ပျော်ရတယ်။ သူက ကဗျာဆရာဆိုသူတွေအများစုလို ငေးငိုင်၊ မှိုင်ငူ၊ ညှုစူမာန်ကြွ၊ ဒေါသူပုန်ထနေသူမဟုတ်။ သူနဲ့တွေ့လိုက်ဆုံလိုက် ပြောလိုက်ဆိုလိုက်ရရင် ကိုယ့်ရဲ့ မှိုင်းဝေတဲ့စိတ်တွေတောင် လန်းဆန်းမြူးကြွ သွားရတယ်။

ကိုလေးက မျက်နှာမူရာ ကြည်သာရွှင်ပြုံးသလို သူ့စကားတွေ၊ သူ့ကဗျာတွေဆိုတာကလည်း မြူးတူးလန်းဆန်းနေတာပါပဲ။

သူ့ကဗျာတွေမှာ အညည်းလေး ဖောက်ဖောက် အဖြီးလေး နှောက်နှောက် ဖတ်ရသူရင်ထဲမှာ အပြုံးလေး ရောက်ရောက်လာတယ်။ "ဒေသရယ်၊ ငွေစရယ်၊ ကောလိပ်ရယ်၊ မောစိတ်ရယ်၊ ငွေပင်ရယ် အို. . . သေချင်တယ်" တဲ့။ (အိပ်မက်၊ နိုးမက်)။ ကဗျာဆရာက သေချင်တယ်ဆိုတာတောင် ကဗျာဖတ်သူက ပြုံးတမဲ့မဲ့စိတ်ကို မတားထိန်းနိုင်ဘူး။ ကြောက်စရာမန်ကျည်းအိုနဲ့၊ အိုသူချင်းချင်း အိုဖော်ညို၊ သိပ်ထိတဲ့ သူ့စကားက *"ငါ့အသား ဓားထစ်၊ အနှစ်ချည်းလက္ခ၊ ကဗျာဆရာ၊ ဓားရှာ၊ (မောင်ခိုင်မာရေ) အသားနာမှာလည်း ကြောက်သေးသပ"* တဲ့။ (အိုညည်းသံ)။ ဒီလိုကဗျာဖတ်ရတော့ မဲ့ပြုံးပြုံးရုံမဟုတ်၊ ညာရယ်တောင် ရယ်ချင်မိသေး။

*"သစ်ရွက်နဲ့၊ မြက်၊ လူ့အတွက်မဟုတ်တာ၊ နာပ့ါဗျား"* တဲ့
(အာဟာရ ဒီပနီသစ်)

*"လပေါ်တက်၊ လမျက်နှာ ဖုံသုတ်၊ ကျွန်ုပ်အိမ်ပြန် ကလေးတွေ စာအံနိုင်ပြီ (လ)"*



ဒီလိုကဗျာတွေဟာ ကိုလေးရဲ့ရောင်ပြန်တွေပါ။ ဒီလိုကဗျာတွေ ဖတ်ရရင် ပြုံးချင်တယ်၊ ရယ်ချင်တယ်၊ ဟားချင်တယ်။ ဒီကဗျာတွေကို ကိုလေးရဲ့ ပြောပေါက်ဆိုပေါက်တွေနဲ့ပါ တွဲကြရရင် ဘာမှမပြောနဲ့တော့ မပြုံးဘဲ ဝါးလုံးကွဲချင်မှာ မုချ။

ကိုလေးကဗျာတွေထဲမှာ ကျွန်တော်အကြာကြီးအသည်းစွဲခဲ့တဲ့ ကဗျာတစ်ပုဒ်ရှိတယ်။ ဒီစာအုပ်ထဲမှာ ဒီကဗျာပါတယ်။ "ပျို့သစ်" တဲ့။

လွန်ခဲ့တဲ့နှစ်ပေါင်း (၆၀) လောက်က တက္ကသိုလ်မှာ ဦးရွှန်းရဲ့ ဘလ္လာတိယပျို့ကို ကျွန်တော်သင်ရဖူးတယ်။ ကိန္နရာကိန္နရီမောင်နှံ လေကြီး မိုးကြီးမိကြတယ်။ တစ်ည ခွောင်းခြားခဲ့ရတယ်၊ အဲ့ဒီချောင်းခြားအလွမ်းနဲ့ ကိန္နရာကိန္နရီမောင်နှံတို့ နှစ်ပေါင်းခုနှစ်ရာ ငိုကြွေးခဲ့ရတယ်။ ဦးရွှန်းပျို့ဖတ်ပြီး ချောင်းမခြားဘဲနဲ့ ကျွန်တော်တို့ ရက်ပေါင်းခုနှစ်ရာလောက် ရင်နာခဲ့ရဖူးတယ်။

ကိုလေးက ချောင်းခြားနာနဲ့ ငိုပြတယ်၊ ငိုတဲ့ရသကို ခံစားပြတယ်၊ "မြစ်မရှူးပြီ၊ မောင်ရှူးပြီ. . . ခင်" တဲ့။

သူ့ကဗျာကို ပျို့သစ်လို့ ကင်ပွန်းတပ်တဲ့အတိုင်း ခံစားချက်အသစ်အသစ်တွေကိုပေးတယ်။

ကျွန်တော်တို့ခေတ်မှာလည်း "မြစ်မရှူး" ကြီး ပေါ်ခဲ့တယ်။ ကျွန်တော်တို့နဲ့ လွတ်လပ်ခြင်း၊ တရားမျှတခြင်းကို နှစ်ပေါင်းများစွာ၊ ခေတ်ပေါင်းများစွာ ခြားခဲ့တယ်။ "တရားမျှတ လွတ်လပ်ခြင်းနဲ့မသွေ" ဆိုတာ ဘယ်မှာလဲ။ ကျွန်တော်တို့ မျိုးဆက်များစွာ ဘဝတွေဆုံးရတယ်၊ မျှော်လင့်ချက်တွေ ရှုံးရတယ်၊ ဘယ်မှာလဲ "ခွင့်တူညီမျှ" တွေ၊ ဘယ်မှာလဲ "ဝါဒဖြူစင်တဲ့မြေ" တွေ။

ပြည်တွင်းစစ်ဆိုတဲ့ မြစ်ရှူးကြီး၊ အာဏာရှင်ခေတ်ဆိုတဲ့ မြစ်ရှူးကြီး၊ ကျွန်တော်တို့ဘဝတွေကို မြစ်ရှူးကြီးတွေ ခြားခဲ့တယ်။ ကျွန်တော်တို့ နှစ်ပေါင်းခုနှစ်ရာမကများ ငိုကြွေးကြရလေမလားမသိ။

ကိုလေးရဲ့ "ပျို့သစ်" ကို ဖတ်ရချိန်ဟာ မဆလအာဏာရှင်ခေတ် တန်ခိုးထွားချိန်။ "နေရောင်ပျောက်၊ ရေတောင်မောက်" ချိန်၊ "လေနှောက်



မိုးသည်း၊ လှိုင်းတွေဟည်း" ချိန်။ ပုဂ္ဂိုလ်ရေးအတိုင်းအတာနဲ့ ပြောရရင် ကျွန်တော်ဦးထိပ်ထားတဲ့ သတင်းစာလောကက ကျွန်တော်ဖယ်ရှားခံရချိန်။ ကျွန်တော့်ဘဝမှာ မြစ်ရှူးကြီးခြားခဲ့ပြီ။

ဘာပဲပြောပြော "ပျို့သစ်" ကို သူ့ရဲ့ ဟာသနှောတဲ့ "အိမ်ဝိုင်းထဲက သဘော်ပင်များ" ကို ဖတ်သလို ရပျော်ပျော်ကြီးဖတ်လိုက်တယ်။ သူ့ကဗျာကို မှီးပြီး "မကျတဲ့မြစ်ရေလျှဉ်၊ သေဖို့သာပြင်ရော့၊ သခင်ဓားထမ်း စောင့်နေပြီကွဟေ့" လို့ ပြင်ဖတ်လိုက်တယ်။ ကြိမ်းမောင်းကြုံးဝါးလိုက်တယ်။ အားရှိသွားတယ်။ လောကကြီးကို ခါးစည်းခံနိုင်သွားတယ်။

ကိုလေးကဗျာတွေ သက်တော်ရာကျော်ရှည်ပါစေ။

ကိုလေး "အိုသူချင်းချင်း၊ အိုဖော်ညို" မလုပ်ဘဲ၊ မာသူချင်းချင်း၊ မာဖော်ညိုနိုင်ပါစေ။

မာတယ်ဟေ့ မာတယ်ဟေ့လို့ ကြွေးကြော်နိုင်ပါစေ။ "ငါ့အသား ဓားထစ် အနှစ်ချည်းလက္ခ" ကြုံးဝါးနိုင်ကြပါစေ။

မြစ်ရှူးကြီးကို ဓားထမ်းစောင့်ရင်း ကျွန်တော်တို့ မာဖော်ညိုကြပါစို့။

**ဟံသာဝတီဦးဝင်းတင်**
၂၅-၁၂-၂၀၁၁



# ဒေါ်အောင်ဆန်းစုကြည်ရဲ့ အမှာ

ကိုယ်တိုင်သိကျွမ်းတဲ့ ကဗျာဆရာတစ်ဦးရဲ့ အရေးအသားကို ပုဂ္ဂိုလ်စွဲ ကင်းရှင်းစွာ သုံးသပ်ဖို့ဆိုတာ အင်မတန်ခက်ပါတယ်။ ဆရာကိုလေးရဲ့ ကဗျာတစ်ပုဒ် ဖတ်လိုက်တယ်ဆိုရင် ဆရာ့မျက်နှာမြင်ပြီး ဆရာ့စိတ်ဓာတ်ကို တွေးမိပါတော့တယ်။ ဒါကြောင့် မွန်းတည့်အခါ ကဗျာတွေကို စာပေရယ်လို့ မြင်တာထက် ဆရာကိုလေးရဲ့ အတွေးတွေလို့ပဲ မြင်မိပါတယ်။ ဆရာ့ရဲ့ လောကကို ဟာသနဲ့ တရားသဘောနှောပြီး မြင်ပုံတွေ၊ ဆရာရဲ့ ရဲဘော် ရဲဘက်စိတ်တွေ၊ ဆရာရဲ့ မေတ္တာတွေ၊ ဆရာရဲ့ သိမ်မွေ့လှတဲ့ သံဝေဂပွားဖွယ်ရာ အသုံးအနှုန်းလေးတွေ၊ ကျွန်မတို့ ခေတ်ရဲ့ ပုံရိပ်တွေကို ခေတ်အကန့်အသတ်မရှိတဲ့ နိယာမတွေနဲ့ ပုံဖော်ပေးတဲ့ ဆရာ့ကဗျာစုကို မြတ်နိုးဂုဏ်ပြုလျက်. . .

အောင်ဆန်းစုကြည်